# နမူနာမေးခွန်းများ ဆောက်လုပ်ရေးကဏ္ဍ ကျွမ်းကျင်လုပ်သား နံပါတ် 2 အကဲဖြတ်စာမေးပွဲ (မြို့ပြအင်ဂျင်နီယာလက်တွေ့စာမေးပွဲ)

မေးခွန်း 1

တွင်းတင်ဥမင် (Excavation Tunnel) ဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသည့် တွန်းတင်သည့်ဂျိုက်အခြေခံစင် (thrust frame)နှင့်ပတ်သက်၍ ဖော်ပြထားသည့်အရာမှာ အောက်ပါတို့အနက် မည်သည်ဖြစ်သနည်း။


1. တွန်းတင်ဥမင် (Excavation Tunnel) ဆောက်လုပ်နည်းတွင် အသုံးပြုသည့် ပိုက်ဖြစ်ပါသည်။
2. တွန်းတင်ပိုက် (Jacking pipe)ကို သတ်မှတ်ထားသည့် အမြင့်၊ ဦးတည်ရာသို့ လမ်းပြရန်အတွက်သုံးသော စင်ဖြစ်ပါသည်။
3. အဓိကဖိတွန်းသည့်ဂျိုက်တွန်းစက် (Main thrusting jack)၏ တုံ့ပြန်အားကို အနောက်ဖက်မြေသားကို အညီအမျှသက်ရောက်စေသည့် အရာဖြစ်ပါသည်။
4. ဥမင်လိုဏ်ခေါင်းတူးစက် ကို ဖိထုတ်ပြီး ပြန်သိမ်းရန်အတွက် သုံးသော စင်ဖြစ်ပါသည်။

အဖြေ - 2

## နမူနာမေးခွန်းများ ဆောက်လုပ်ရေးကဏ္ဍ ကျွမ်းကျင်လုပ်သား နံပါတ် 2 အကဲဖြတ်စာမေးပွဲ (မြို့ပြအင်ဂျင်နီယာလက်တွေ့စာမေးပွဲ)

မေးခွန်း 2

ရေကြောင်းမြို့ပြအင်ဂျင်နီယာလုပ်ငန်းများ(Marine Civil Engineering Work)၌ ဆောက်လုပ်ရေးလုပ်ငန်းခွင်ပတ်ပတ်လည်တွင် တပ်ဆင်ကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို အခြားသင်္ဘောများအား သိစေသည့် ပစ္စည်းကို မည်သို့ခေါ်သနည်း။



1. Fuhyo (ရေကြောင်းပြဗော်ယာ)
2. Ikari (ကျောက်ဆူး(anchor))
3. Sonar
4. Reddo (sounding line)

အဖြေ - 1

## နမူနာမေးခွန်းများ ဆောက်လုပ်ရေးကဏ္ဍ ကျွမ်းကျင်လုပ်သား နံပါတ် 2 အကဲဖြတ်စာမေးပွဲ (မြို့ပြအင်ဂျင်နီယာလက်တွေ့စာမေးပွဲ)

မေးခွန်း 3

ကောဘယ်ကြိုးကို အသုံးပြုရခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ အောက်ပါတို့အနက်မှ မည်သည့်အရာက ဖော်ပြသနည်း။

1. အားဖြည့်သံတိုင်(rebar) ၏အရှည်ကိုတိုင်းတာရန်
2. အားဖြည့်သံတိုင်(rebar) အချင်းချင်း ချိတ်ဆက်ရန်
3. အားဖြည့်သံတိုင်(rebar)၏ အလေးချိန်ကို တိုင်းတာရန်
4. အားဖြည့်သံတိုင်(rebar)၏ ဓာတုပစ္စည်းများကို စစ်ဆေးရန်

အဖြေ - 2

# နမူနာမေးခွန်းများ ဆောက်လုပ်ရေးကဏ္ဍ ကျွမ်းကျင်လုပ်သား နံပါတ် 2 အကဲဖြတ်စာမေးပွဲ (မြို့ပြအင်ဂျင်နီယာလက်တွေ့စာမေးပွဲ)

မေးခွန်း 4

ခင်းထားသောလမ်းသည် အလွှာလေးခုဖြင့် ဖွဲ့စည်းထားသော်လည်း အလွှာလေးခုတွင် မပါဝင်သောအရာမှာ အောက်ပါတို့အနက် မည်သည်ဖြစ်သနည်း။

1. မျက်နှာပြင်အလွှာ
2. Aggregate base layer
3. Subgrade အလွှာ
4. ရေကြော၊ရေအောင်းလွှာ

အဖြေ - 4

# နမူနာမေးခွန်းများ ဆောက်လုပ်ရေးကဏ္ဍ ကျွမ်းကျင်လုပ်သား နံပါတ် 2 အကဲဖြတ်စာမေးပွဲ (မြို့ပြအင်ဂျင်နီယာလက်တွေ့စာမေးပွဲ)

မေးခွန်း 5

အောက်ပါစာကြောင်းရှိ ( ) တွင်ထည့်ရမည့် စကားလုံးကို ရွေးပါ။

( ) ဆောက်လုပ်ခြင်းသည် မြေလွှာမှ နီးကပ်သောနေရာတွင်ရှိသည့် မြေအောက်ရေ၏ ရေအမြင့်ကို နိမ့်ကျစေကာ မာကျောသော ကျောက်လွှာကို ပြုလုပ်ရန်အတွက် ပြုလုပ်ပါသည်။

1. ရေတွင်းတူးဖော်ခြင်းအလုပ်
2. ရေမဝင်အောင်လုပ်သည့် (Waterproofing) အလုပ်
3. Well Point
4. ရေကြောင်းမြို့ပြအင်ဂျင်နီယာ

အဖြေ - 3

## နမူနာမေးခွန်းများ ဆောက်လုပ်ရေးကဏ္ဍ ကျွမ်းကျင်လုပ်သား နံပါတ် 2 အကဲဖြတ်စာမေးပွဲ (မြို့ပြအင်ဂျင်နီယာလက်တွေ့စာမေးပွဲ)

မေးခွန်း 6

ကုန်းစောင်းမျက်နှာပြင်ကာကွယ်ရေးအလုပ်တွင် မမှန်ကန်သောအရာကို ရွေးပါ။

1. အင်္ဂတေမှုတ်ဖြန်းခြင်းကို အောက်ဖက်အပိုင်းမှစ၍ ပြုလုပ်ပါ။
2. မှုတ်ဖြန်းရမည့်မျက်နှာပြင်မှာ မြေကြီးနှင့်သဲများဖြစ်သည့်အခါ မှုတ်ဖြန်းသောဖိအားကြောင့် မြေကြီးနှင့်သဲများ ပြန့်ကျဲမသွားစေရန် သတိထားပါ။
3. မှုတ်ဖြန်းရမည့်မျက်နှာပြင်မှာ ကျောက်တုံးများဖြစ်သည့်အခါ ကြွတက်နေသည့်မတည်ငြိမ်သောကျောက်များ၊ ရွှံ့များ၊ အမှိုက်များ စသည်တို့ကို ကြိုတင်ဖယ်ရှားပါ။
4. ခင်းထားသော မြက်ခင်းများကို ရေဖြန်းခြင်းကို နေသာသောနေ့လည်ပိုင်းကို ရှောင်ပြီး ညနေစောင်းတွင် ပြုလုပ်ပါ။

အဖြေ - 1

# နမူနာမေးခွန်းများ ဆောက်လုပ်ရေးကဏ္ဍ ကျွမ်းကျင်လုပ်သား နံပါတ် 2 အကဲဖြတ်စာမေးပွဲ (မြို့ပြအင်ဂျင်နီယာလက်တွေ့စာမေးပွဲ)

မေးခွန်း 7

အပူလျှပ်ခြင်းကိုကာကွယ်ရန်အစီအမံအနေဖြင့် မှန်ကန်သောအရာကို ရွေးပါ။

1. အလုပ်မလုပ်မီနှင့် အလုပ်အပြီးတွင် ရေဓာတ်နှင့် ဆားဓာတ်ကို ရှောင်ကြဉ်ခြင်း
2. လေဝင်လေထွက်ကောင်းသော လုပ်ငန်းခွင်ဝတ်စုံများကို ဝတ်ဆင်ခြင်း
3. လေအေးပေးစက်တပ်ထားသော အနားယူသည့်နေရာကို အသုံးမပြုခြင်း
4. အလုပ်လုပ်နေစဉ်အတွင်း နေမကောင်းဖြစ်လျှင်ပင် သည်းခံခြင်း

အဖြေ - 2